SYCB | E.N.C. Ethnic Nationalities Council (Union of Burma) | Nationalities Youth Forum | Women's League of Burma | FDB Forum for Democracy in Burma

# ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ သဘောထား ထုတ်ပြန်ချက်

## ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၂၈) ရက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အဓိကပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်သည်။ နအဖစစ်အစိုးရ၏ တဖက်သတ်ထုတ်ပြန်ကြေငြာသော ၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈ တို့သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ဦးတည်ခြင်းမရှိပဲ စစ်အာဏာရှင်စနစ်တည်မြဲရေးကိုသာ ရှေးရှုနေသောကြောင့် မိမိတို့အနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိကြောင်း အောက်ပါအတိုင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

၁။ နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၉၀ ရွေးကောက်ပွဲခံနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူ့ဆန္ဒသဘောထားများမပါသော တရားဝင်မှုမရှိသည့်အတွက် မိမိတို့အင်အားစုများမှ လုံးဝလက်ခံနိုင်ခြင်းမရှိပေ။

၂။ ဤသို့ တဖက်သတ်ပြုလုပ်နေခြင်းသည် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကိုလည်းကောင်း၊ တရားဝင်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ နိုင်ငံရေးအင်အားစု အသီးသီးနှင့် နိုင်ငံတကာ၏သဘောထားဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိုလည်းကောင်း ဆန့်ကျင်လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ပြည်သူလူထုတရပ်လုံး အနေဖြင့် ရဲပုံပြတ်သားစွာ စုပေါင်းတိုက်ဖျက်သွားရန် အခိုင်အမာ တောင်းဆိုလိုက်သည်။

၃။ ထို့အပြင် မိမိတို့အင်အားစုများအနေဖြင့် နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားလည်းကောင်း၊ အတည်ပြုရေးအတွက် အဆင့်ဆင့်ကြိုးပမ်းခဲ့သော လမ်းပြမြေပုံ အဆင့်ဆင့်အားလည်းကောင်း ပြည်သူလူထုနှင့်အတူ လက်တွဲ၍ အစဉ်တစိုက် ဆန့်ကျင်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အခိုင်အမာထပ်လောင်း တင်ပြအပ်ပါသည်။

၄။ အကယ်၍ နအဖအနေဖြင့် ပြည်သူလူထုတရပ်လုံးနှင့် နိုင်ငံတကာမိသားစု၏ ဆန္ဒသဘောထားများကို မျက်ကွယ်ပြုလျက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တဖက်သတ် ကျင်းပပြုလုပ်လာခဲ့ပါက စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်စေမည့် နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား တခဲနက် ကန့်ကွက် ဆန္ဒမဲပေးခြင်းဖြင့် ပြည်သူလူထု၏ ဆန္ဒသဘောထားများကို အတိအလင်းထုတ်ဖော်ပြသကြပါရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်လိုက်သည်။

(၁) ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ
(၂) ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ
(၃) တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စု မြန်မာနိုင်ငံ)
(၄) အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
(၅) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
(၆) မြန်မာနိုင်ငံ ကျောင်းသားလူငယ်များ ကွန်ဂရက်
(၇) တိုင်းရင်းသားလူငယ်များ ဆုံရပ်

ဆက်သွယ်ရန်–
ဦးမောင်မောင် (ဖုန်းနံပါတ် – ၀၈၇ ၈၇၉၀၇၉၄)
ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ဖုန်းနံပါတ် –၀၈၁ ၀၂၉၆၀၀၀)
ဒေါက်တာစန်းအောင် (၀၈၉ ၇၆၈၅၈၅၃)
နန်းဆိုင်နောင် (၀၈၁ – ၈၈၄၄၉၆၃)